


*38/ B (1), Pyi Htaung Su lane, TharthanaYeiktha Quarter, Near Sayar San Road, Bahan Township, Yangon.*
*www.mam.org.mm*

Medical Action Myanmar (MAM) is a medical organization. MAM aims to improve access to quality health care for all people in Myanmar. MAM provides large-scale access to prevention, diagnosis & treatment of HIV, Malaria, Tuberculosis and we provide Basic Health Care provided by 20 clinics and 2300 community health workers in remote areas. MAM employs over 1200 staff.

# VACANCY FOR: Premises Assistant

| | |
|---|---|
| **Reports to:** | **Child Program Supervisor** |
| **Job location:** | **Hlaing Thar Yar Township, Yangon** |
| **Deadline for application:** | **22nd July 2025** |
| **Starting date of position:** | **As soon as possible** |
| **Vacancy number:** | **VA-0044/2025** |

## လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များ

- **Mother House** အတွင်း နေ့ရော/ ညပါ လုံခြုံရေးကို အထူးစောင့်ကြပ် ကြည့်ရှုရပါမည်။
- ညအခါတွင် **Mother House** အတွင်းရှိ ပစ္စည်းများကို အထူးဂရုပြုစောင့်ကြည့်ရမည်။
- မီးစက်၊ ဆိုလာ၊ ရေမော်တာ၊ အဝတ်လျှော်စက်များကို ကောင်းမွန်စွာ ထိန်းသိမ်း/ မောင်းနိုင်ရမည်။
- မိမိတာဝန်ကျရာအချိန်၊ အဆောက်အဦးအတွင်း/အပြင် ပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းအောင် ထားရမည်။
- ပစ္စည်းကိရိယာများ အတင်အချ ပြုလုပ်ရာတွင်လည်း ဝိုင်းဝန်းကူညီရမည်။
- **Mother House** အတွင်း/အပြင်ရှိ သစ်ပင်၊ ပန်းပင်များ ရေလောင်းခြင်း၊ ခြံထဲရှိ သစ်ရွက်ခြောက်များ၊ အမှိုက်များလှည်းကျင်းခြင်းများ ပြုလုပ်ရမည်။ သစ်ပင်၊ ပန်းပင်များ ထိန်းသိမ်း စိုက်ပျိုး ပေါင်းသင်ရမည်။
- အထူးပြုစုစောင့်ရှောက်မှု လိုအပ်သော ကလေးများအား ၂၄ နာရီမပြတ် ပြုစုစောင့်ရှောက်မှု ပေးခြင်း။
- အထူးပြုစုစောင့်ရှောက်မှု လိုအပ်သောကလေးအား ဆေးဝန်ထမ်းမှ ညွှန်ကြားထားသည့် ဆေးကုသမှု အစီအစဥ်များအတိုင်း သေချာစွာ စောင့်ကြည့်ပြုစုပေးခြင်းများအပြင် ဆေးသောက်မှု မှန်ကန်အောင် ပြုစုစောင့်ရှောက်ပေးခြင်းနှင့် လိုအပ်သော လေ့ကျင့်ခန်းများ နေ့စဉ်လုပ်ဆောင်ပေးခြင်း။
- အထူးပြုစုစောင့်ရှောက်မှု လိုအပ်သော ကလေးအတွက် လိုအပ်သော အခြား ကျန်းမာရေးစောင့်ရှောက်မှုနှင့် တကိုယ်ရည်သန့်ရှင်းမှုကို ကြီးကြပ်လုပ်ဆောင်ပေးခြင်း။
- အထူးစောင့်ရှောက်မှု လိုအပ်သော ကလေးတွင် ပြဿနာကိစ္စတစုံတရာဖြစ်ပေါ်လာပါက အချိန်နှင့် တပြေးညီ အထက်လူကြီးအား အစီရင်ခံ တင်ပြခြင်း။
- ကလေးအတွက် တစ်နေ့တာ ဆောင်ရွက်ချက်များ၊ ကလေး၏ တစ်နေ့တာ လုပ်ဆောင်မှုနှင့် ကလေး၏ လိုအပ်ချက်ကို သုံးသပ်ဆင်ခြင်မှုကို မှတ်သားပြီး အထက်ကြီးကြပ်သူနှင့်အတူ အစီရင်ခံတင်ပြကာ အပြန်အလှန် ဆွေးနွေးတိုင်ပင်မှုများ လုပ်ဆောင်ခြင်း။
- အထူးစောင့်ရှောက်မှုလိုအပ်သော ကလေးနှင့်တကွ **Mother House** အတွင်း နေထိုင်သော ကလေးများအတွက် သတ်မှတ်ထားသော အချိန်ဇယားများအတိုင်း ကလေးများ ပြုလုပ်နိုင်စေရန် ကူညီဆောင်ရွက်ပေးရန်။
- လုပ်ငန်းလိုအပ်ချက်အရ အခါအားလျော်စွာ ပေးအပ်သော တာဝန်ကို လုပ်ဆောင်နိုင်ရမည်။

**အလုပ်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီရမည်။**

- ပညာအရည်အချင်း အလယ်တန်းအဆင့် (စာကောင်းမွန်စွာ ရေးနိုင်/ဖတ်နိုင်သူ)ဖြစ်ရမည်။
- ရိုးသားကြိုးစားသူ၊ အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။ (ပြစ်မှုကင်းရှင်းကြောင်းထောက်ခံစာပါရှိရမည်။)
- တက်ကြွစွာလုပ်ကိုင်နိုင်ပြီး အချိန်နှင့် တပြေးညီ သတင်းပို့နိုင်သူ ဖြစ်ရမည်။
- လူမှုဆက်ဆံရေးကောင်းမွန်၍ အဖွဲ့အစည်းနှင့်လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- တာဝန်ချိန်အတွင်း အရက်၊ ဆေးလိပ်၊ ကွမ်းနှင့် မူးယစ်စေတတ်သော အရာများ မသုံးစွဲသူ ဖြစ်ရမည်။
- **MAM** မှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တသွေမတိမ်း လိုက်နာနိုင်ရမည်။
- ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးမူဝါဒ **(Child Safeguarding Policy)** ကို လိုက်နာကျင့်သုံးရမည်။

**အကျိုးခံစားခွင့်**

**MAM** သည် လိုအပ်သောအရည်အချင်းများနှင့် ကိုက်ညီသည့်ဝန်ထမ်းအတွက် အောက်ပါအကျိုးခံစားခွင့်များ ပေးမည်ဖြစ်သည်။

- ညှိနှိုင်းလစာ (**119 USD** မှစတင်၍) ပေးမည်။
- တစ်နှစ်အတွက် အပိုဆောင်း (၁)လစာ ခံစားခွင့်။
- အလုပ်ထွက်သည့်အခါ လုပ်သက်ဆုကြေးငွေ ခံစားခွင့်။
- တစ်နှစ်လျှင် ရက်(၂၀)၊ လစာပြည့် နှစ်ပတ်လည်ခွင့်ခံစားခွင့်ရှိသည်။ နှစ်ပတ်လည်ခွင့်မယူလျှင် မိမိမယူသည့်ခွင့်ရက်အပေါ်မူတည်ပြီး နှစ်ကုန်လျှင် လက်ကျန်ခွင့်အားငွေကြေးဖြင့် ပြန်လည် ရှင်းပေးခြင်း။
- အမြဲတမ်းဝန်ထမ်းဖြစ်ပြီးနောက် ကျန်းမာရေးအကျိုးခံစားခွင့်။

**လျှောက်လွှာတင်ရန်**

အလုပ်လျှောက်ထားလိုသူများသည် အောက်ပါ e-mail လိပ်စာ (သို့) ရုံးလိပ်စာတွင် ရုံးချိန်အတွင်းလျှောက်ထားနိုင်ပါသည်။

အမှတ် (၈၆၄/ခ) ၊ တောင်ငူလမ်း၊ (၁၉) ရပ်ကွက်၊ လှိုင်သာယာမြို့နယ် (၀၉-၄၄၀၀၄၂၇၉၄)
(သို့မဟုတ်) hr.clinic@mam.org.mm

**မှတ်ချက်။ ။ အင်တာဗျူးရွေးချယ်ခံရသူကိုသာ လူတွေ့မေးမြန်း အကြောင်းကြားမည် ဖြစ်ပါသည်။ လတ်တလော ဝန်ထမ်းလိုအပ်ချက်ကြောင့် လျှောက်လွှာစောစီးစွာ တင်သူအား လျှောက်လွှာပိတ်ရက်မတိုင်မီ အင်တာဗျူးဆောင်ရွက်နိုင်ပါသည်။**

MAM welcomes applications from all sections of the community including people with disabilities.